စကားပြောကြေးနန်း(နေပြည်တော်)
ရုံး ၀၆၇ - ၄၁၁၁၄၈
၀၆၇ - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်၊ ၁(က)(၁)၂၀၂၄(၁၅၈၉ ) ကလရ။
ရက်စွဲ။ ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ( ၁၃ )ရက်။

အကြောင်းအရာ။ **ပညာသင်ဆုလျှောက်ထားနိုင်ကြောင်း အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးဝန်ကြီးဌာန၏(၈-၂-၂၀၂၄)ရက်စွဲပါစာအမှတ်၊ ဝကရ(ပြည်တွင်း/ပြည်ပ)/၁၇-၈/၂၀၂၄/၁၉၈၂။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ထိုင်းနိုင်ငံသံရုံးမှ ကမ်းလှမ်းလာသည့် အောက်ဖော်ပြပါ ပညာသင်ဆုများအား အရည်အချင်းပြည့်မီသော လုပ်ငန်းတာဝန်နှင့် ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် https://mhesi.e-office.cloud/d/a79ca346 နှင့်ဆက်သွယ်၍ လျှောက်ထားနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် လျှောက်ထားလိုသူများသည် သင်တန်းအမည်၊ CV(Update)၊ ဘွဲ့လက်မှတ်မိတ္တူ၊ CDM ကင်းရှင်းကြောင်းခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့်၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှုနှင့် လစာထုတ်ယူထားမှုမှတ်တမ်းအကျဉ်းချုပ်တို့နှင့်အတူ သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်၏ ထောက်ခံချက်ဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ (၄-၃-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**သင်တန်းဘာသာရပ်**

**Thailand Scholarships (Year 2024):**

**(1) Master's or Doctoral Degree Programmes**

**(မှတ်ချက်။ ပညာသင်ဆုနှင့်ပတ်သက်သည့် ပူးတွဲပါစာရွက်စာတမ်းများကို ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ e-mail များသို့ ပေးပို့ထားပြီးဖြစ်ပါသည်။**

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာကျော်စိုးညွှန့်၊ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း-**

(၁) ညွှန်ကြားရေးမှူးချုပ်၊ဦးစီးဌာနများအားလုံး။
(၂) ပါမောက္ခချုပ်၊ တက္ကသိုလ်များအားလုံး။
(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝန်ထမ်းရေးရာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
(၄) ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်)
} ဌာနတွင်းသို့ဖြန့်ဝေနိုင်ရေး အတွက် ပေးပို့အပ်ပါသည်။
(၅) ညွှန်ကြားရေးမှူး(သူနာပြု)၊ (သင်တန်းကျောင်းများသို့ ဖြန့်ဝေနိုင်ရေးအတွက် ပေးပို့ပါသည်။)

**<u>အရည်အချင်းသတ်မှတ်ချက်များ</u>**

(၁) မိဘနှစ်ဦးစလုံးအပြင်ဇနီး/ခင်ပွန်းအားလုံးနိုင်ငံသားဖြစ်ရပါမည်။(ဧည့်နိုင်ငံသားနှင့်ပြုနိုင်ငံသားများ ကိုလည်းလျှောက်ထားခွင့်ပြုသည်။)

(၂) လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ် အမှုထမ်းသက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

(၃) လျှောက်ထားသူသည် ခွင့်မဲ့ပျက်ကွက်ခဲ့ဖူးပါက လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်ပြန်လည် ဝင်ရောက်မှု အနည်းဆုံး(၂)နှစ်ရှိပြီးသူဖြစ်ရပါမည်။

(၄) အသက်ကန့်သတ်ချက်မှာ ပညာသင်ဆုကမ်းလှမ်းသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်အတိုင်း ဖြစ်ပါသည်။ သတ်မှတ်ချက်မရှိပါက မဟာဘွဲ့သင်တန်းအတွက် အသက်(၅၀)နှစ်အောက်ရှိသူ ပါရဂူဘွဲ့သင်တန်းအတွက် အသက်(၄၅)နှစ်အောက်ရှိသူဖြစ်ရပါမည်။

(၅) နိုင်ငံခြားတွင် (၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့သူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

(၆) သင်တန်းမှပြန်လည်ရောက်ရှိပါက မဟာဘွဲ့သင်တန်းအတွက် နိုင်ငံဝန်ထမ်းအဖြစ် (၄)နှစ် နှင့် ပါရဂူဘွဲ့အတွက် နိုင်ငံဝန်ထမ်းအဖြစ် အနည်းဆုံး(၇)နှစ် ပြန်လည်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။

**(မှတ်ချက်။ ။လျှောက်ထားလိုသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ပါရန်နှင့် Acceptance Letter ရရှိပြီးမှ တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးမည် မဟုတ်ပါ။)**

# Application Guideline for Thailand Scholarships (Year 2024)

## For Cambodia/Laos/Myanmar/Vietnam

Scholarship information

Ministry of Higher Education, Science, Research and Innovation (MHESI), Thailand, in cooperation with Thai universities invites nationals of Cambodia, Laos, Myanmar, and Vietnam to apply for Thailand Scholarships (Year 2024). Up to 139 scholarship programmes will be offered to qualified candidates from the four aforementioned countries to pursue master's degrees or doctoral degrees at Thai higher education institutions.

| Item | Details |
|---|---|
| Eligibility | Applicants are to meet the following criteria:<br>- Be nationals of Cambodia/Laos/Myanmar/Vietnam<br>- Obtain academic qualifications as indicated in the details of study programmes<br>- Have a good English proficiency<br>- Be of good health physically and mentally |
| Universities and fields of study | Applicants shall select one of programmes offered by 11 Thai universities as follows:<br>- Chiang Mai University 2 programmes<br>- Kasetsart University 20 programmes<br>- Mae Fah Luang University 15 programmes<br>- Muban Chom Bueng Rajabhat University 1 programme<br>- Naresuan University 46 programmes<br>- Prince of Songkla University 16 programmes<br>- Siam University 3 programmes<br>- Southeast Bangkok University 3 programmes<br>- Suranaree University of Technology 9 programmes<br>- Thammasat University 4 programmes<br>- Walailak University 20 programmes<br>**The details of study programmes appear in attachment.* |
| Duration | Please see the details of study programmes. |
| Scholarship benefits | - Allowance and accommodation<br>- A travel expense to and from home country at the beginning and the end of the scholarship term, respectively<br>- Coverage of accident and health insurance during the period of scholarship in Thailand<br>- Book and supplies<br>- Tuition and fees<br>****Applicants are advised to thoroughly read the scholarship details offered by each university, such as course information, payment, as well as terms and conditions.**** |
| Required Documents | For all applicants<br>- A completed application form with photograph taken within 6 months<br>- A certified copy of degree certificate<br>- A certified copy of transcript of records of your previous degree(s)<br>- 2 letters of recommendation written by faculty members of the home university<br>- Birth certificate or national identification card or certified copy of passport showing date of birth with English translation<br>- Statement of purpose<br>- Research proposal or concept paper<br>- Valid English proficiency test results that indicated in the details of study programme |